


## WHAT'S INSIDE

### အောက်တိုဘာ ~ နိုဝင်ဘာ ~ ဒီဇင်ဘာ ၂၀၂၅


- ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်သို့ ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှတ်ပုံတင်ဝင်ရောက် ခြင်းအခမ်းအနားကျင်းပ
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှလေ့လာရေးအဖွဲ့များလာရောက်
- မြန်မာနိုင်ငံသားများဘဏ် (MCB) မှ အခွင့်အရေးပေးသည့် ရှယ်ယာသစ်များ ထုတ်ဝေကြောင်း (Rights Issue) ထုတ်ပြန်ကြေငြာ
- စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီများ၏အရေးကြီးထုတ်ပြန်ချက်များ
- တတိယသုံးလပတ်အတွင်းစတော့ဈေးကွက်အခြေအနေများ


## ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်သို့ G.B.S Agricultural Services Public Co., Ltd. မှတ်ပုံတင်ဝင်ရောက်ခြင်းအခမ်းအနား ကျင်းပ

"ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (PLB) တွင် ဒုတိယမြောက် မှတ်ပုံတင်ကုမ္ပဏီအဖြစ် G.B.S Agricultural Services Public Co., Ltd. (ASPGB) [Code: 00010-ASPGB] ၏ မှတ်ပုံတင်ဝင်ရောက်ခြင်းအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ PLB သည် စာရင်းမဝင်ရသေးသော အများပိုင်ကုမ္ပဏီများအတွက် ရင်းနှီးငွေရှာဖွေရန်နှင့် ၎င်းတို့၏ရှယ်ယာများ အလွယ်တကူ ရောင်းဝယ်နိုင်စေရန် ပံ့ပိုးတည်ထောင်ထားသော YSX Main Board သို့ တက်လှမ်းနိုင်မည့် ကုန်ကျစရိတ် အသက်သာဆုံး လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။ စံသတ်မှတ်ချက် (၈) ချက်ဖြင့် လွယ်ကူစွာ မှတ်ပုံတင်နိုင်ခြင်းကြောင့် နောင်တွင် စာရင်းဝင်ရန် ရည်မှန်းထားသည့် ပုဂ္ဂလိကကုမ္ပဏီများအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက ရန်ကုန်စတော့အိပ်ချိန်း ဝဘ်ဆိုဒ် (သို့မဟုတ်) ဖုန်း ၀၁-၈၃၇၇၁၂၇၃၊ ၀၁-၈၃၇၇၁၂၇၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှလေ့လာရေးအဖွဲ့များလာရောက်









Myanmar International School မှ သင်တန်းသား/သူများ (၂၃) ဦးပါဝင်သောလေ့လာရေးအဖွဲ့၊ U Nay Linn Aung Finance & Accountancy မှ သင်တန်းသား/သူ (၆၀) ဦး ပါဝင်သော လေ့လာရေးအဖွဲ့နှင့် Covenant International School မှ သင်တန်းသား/သူ (၂၅) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်စတော့ အိပ်ချိန်း သို့ လေ့လာရေးခရီး လာရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန် စတော့အိပ်ချိန်းမှ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ် ဦးမင်းသူက "Overview of Capital Market" ခေါင်း စဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ သိကောင်းစရာများနှင့် စတော့ ရှယ်ယာများ မည်ကဲ့သို့ ရောင်းဝယ်ကြသည်များကို ရှင်းလင်းပို့ချ အသိပညာ မျှဝေ ပေးခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ လေ့လာ ရေးခရီးစဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံ ဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးလာ ရောက်လိုပါက ရုံးချိန် အတွင်း (၀၁-၈-၃၇၇၁၂၇၄) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## မြန်မာနိုင်ငံသားများဘဏ် (MCB) မှ အခွင့်အရေးပေးသည့် ရှယ်ယာသစ်များ ထုတ် ဝေကြောင်း (Rights Issue) ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံသားများဘဏ်၏ လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ (Non-Renounceable Rights Issue) ထုတ်ဝေခြင်းကို ရှယ်ယာရှင်များ သိသာစေရန် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် လက်ရှိအစုရှယ်ယာရှင်များသို့ အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များကို အချိုးကျ ထုတ်ဝေရောင်းချခြင်းကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အစုရှယ်ယာအသစ်ထုတ်ဝေခြင်းမှာ အစောင်ရေ ၅,၀၀၀,၀၀၀ ဖြစ်ပြီး တစ်စောင်လျှင် ကျပ် ၅,၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၂၅ ဘီလီယံ ထုတ်ဝေရန် ရည်မှန်းထားပါသည်။

**•ကမ်းလှမ်းသည့် အချိုးအစား:**

•မိမိပိုင်ဆိုင်သည့် အစုရှယ်ယာ (၂) စောင်လျှင် အစုရှယ်ယာအသစ် (၁) စောင် ဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

**•အတည်ပြုမည့်ရက် (Record Date):**

• ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အစုရှယ်ယာရှင်အဖြစ် ပါဝင်သူများ ဝယ်ယူခွင့်ရရှိပါမည်။

**•ကမ်းလှမ်းသည့်ကာလ:**

• ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့အထိ ဖြစ်ပါသည်။

**•ရည်ရွယ်ချက်:**

•မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မတည်ငွေရင်းလုံလောက်မှုဆိုင်ရာ စည်းမျဉ်းအား ပြည့်မီရန်နှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ရန်အတွက် ဖြစ်ပါသည်။

အခြား စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံသားများဘဏ် ကဲ့သို့ အခွင့်အရေးပေးသည့် အစုရှယ်ယာသစ်များ ထုတ်ဝေခြင်း (Rights Issue) ကိစ္စရပ်များ ဆောင်ရွက်လိုပါက အသေးစိတ် ညှိနှိုင်းဆွေးနွေးနိုင်ရန် ရုံးချိန်အတွင်း ၀၁-၈-၃၇၇၁၁၆၇ (သို့မဟုတ်) ၀၁-၈-၃၇၇၁၂၇၃ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ

### အောက်တိုဘာ-နိုဝင်ဘာ-ဒီဇင်ဘာ-၂၀၂၅

**MAEX**

- အမြတ်ဝေစုထုတ်ယူနိုင်မည့်ရက်အားထုတ်ပြန်ခြင်း
- ဈေးရုံမီးလောင်မှုဖြစ်စဉ်အား သတင်းထုတ်ပြန်ခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

***MADPL***

- အမြတ်ဝေစုထုတ်ယူနိုင်မည့်ရက်အားထုတ်ပြန်ခြင်း
- (၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ
- နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ခြင်း
- (၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်များ
- အမြတ်ဝေစုခွဲဝေခြင်းအားထုတ်ပြန်ခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

**ASPGB**

- ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း
- မှတ်ပုံတင်စာရွက်စာတမ်းများအားအသိပေးကြေညာခြင်း
- မှတ်ပုံတင်ဝင်ရောက်ခြင်းအတွက်လိုအပ်သောစာရွက်စာတမ်းများတင်ပြခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q3-2025-26)

■ **MAEX | Nov 2025**
**အမြတ်ဝေစုထုတ်ယူနိုင်မည့်ရက်အားထုတ်ပြန်ခြင်း**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် MAEX Public ကုမ္ပဏီလီမိတက်မှ အမြတ်ဝေစုထုတ်ယူနိုင်မည့်ရက်အား အစုရှယ်ယာရှင်များသို့ သတင်းထုတ်ပြန်ခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://igit.me/m1T7O

■ **MAEX | Nov 2025**
**ဈေးရုံမီးလောင်မှုဖြစ်စဉ်အား သတင်းထုတ်ပြန်ခြင်း**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် MAEX Public ကုမ္ပဏီလီမိတက်မှ ဈေးရုံမီးလောင်မှုဖြစ်စဉ်အား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://igit.me/uK5yB

■ **MAEX | Dec 2025**
**ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း**
၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် MAEX ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသော (၆)လတာ ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://igit.me/KCHv3

■ **MAEX | Dec 2025**
**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ**
MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသော (၆)လတာ ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာ အပေါ်ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များအား အစုရှယ်ယာရှင်များသို့ အသိပေး ထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/Gtk68

■ **MADPL | Oct 2025**
**အမြတ်ဝေစုထုတ်ယူနိုင်မည့်ရက်အားထုတ်ပြန်ခြင်း**
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်မှ (၂၀၂၄-၂၀၂၅) ခုနှစ်အတွက် အဆိုပြုထားသည်များနှင့် အစုရှယ်ယာဝယ်ယူရမည့်ရက်တို့အား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/DdaHa

■ **MADPL | Nov 2025**
**(၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်၏ (၂၃) ရက်နေ့ ဒီဇင်ဘာလ တွင်ကျင်းပမည့် (၁၂) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/InMux

■ **MADPL | Nov 2025**
**နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ခြင်း**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်မှ ၎င်း၏နှစ်ပတ်လည် အစီရင်ခံစာအား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/o2jfF

■ **MADPL | Dec 2025**
**(၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်များ**
MADPL ကုမ္ပဏီလီမိတက်၏ (၂၃) ရက်နေ့ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်များအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://igit.me/cLlhX

■ **MADPL | Dec 2025**
**အမြတ်ဝေစုခွဲဝေခြင်းအားထုတ်ပြန်ခြင်း**
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်မှ၎င်း၏ အမြတ်ဝေစုခွဲဝေခြင်းအားအစုရှယ်ယာရှင်များသို့အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/oydUg

■ **MADPL | Dec 2025**
**ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း**
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော (၆) လ အကျဉ်းချုံးစုပေါင်းကြားဖြတ် ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/ac3dN

■ **MADPL | Dec 2025**
**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ**
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသော (၆)လတာ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ ကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/9EQly

■ **ASPGB | Nov 2025**
**ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ASPGB အများပိုင် ကုမ္ပဏီလီမိတက်မှ ဘဏ္ဍာရေးရှင်းတမ်းများအစီရင်ခံစာကို အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/ftEFR

■ **ASPGB | Nov 2025**
**မှတ်ပုံတင်စာရွက်စာတမ်းများအားအသိပေးကြေညာခြင်း**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၈ ) ရက်နေ့တွင် ASPGB အများပိုင် ကုမ္ပဏီလီမိတက်မှ မှတ်ပုံတင်စာရွက်စာတမ်းများအား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/qBdHL

■ **ASPGB | Dec 2025**
**မှတ်ပုံတင်ဝင်ရောက်ခြင်းအတွက်လိုအပ်သောစာရွက်စာတမ်းများတင်ပြခြင်း**
၂၀၂၅ ခုနှစ်ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် MADPL ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသော (၆)လတာ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ ကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/xeqn3

■ **ASPGB| Dec 2025**
**ဘဏ္ဍာရေးရှင်းတမ်းများကြေညာခြင်း**
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် ASPGB အများပိုင်ကုမ္ပဏီလီမိတက်မှ ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသို့ အသိပေးထုတ်ပြန် ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/n1n2W

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

## Continuous Trading + Block Trading (Main Board+ Pre Listing Board )

| STATISTCS AT A GLANCE | Q2-25/26 (Jul-Sep) | Q3-25/26 (Oct-Dec) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၆၅ | ၅၇ | (၁၄)% |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၁ | ၂ | ၅၀% |
| စတော့အညွှန်းကိန်း (MYANPIX) | ၃၉၈.၀၉ | ၄၁၆.၅၈ | ၄% |
| စတော့အညွှန်းကိန်း (PLB Index) | ၁၂၂၇.၂၇ | ၂၉၁၅.၃၈ | ၅၈% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၈၁၉,၉၄၃ | ၆၀၁,၉၉၀ | (၃၆)% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၁၄,၉၀၇ | ၆၅,၁၂၈ | ၇၇% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB)** | ၈၃၄,၈၅၀ | ၆၆၇,၁၁၈ | (၂၅)% |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB)** | ၁၂,၈၄၄ | ၁၁,၇၀၄ | (၁၀)% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၂၂၇၄ | ၂,၀၆၃ | (၁၀)% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၄၃ | ၇၄၈ | ၉၄% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၂,၃၁၇ | ၂,၈၁၁ | ၁၈% |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၃၆ | ၄၉ | ၂၈% |
| **ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB)** | ၇၇၈,၀၂၇ | ၉၅၅,၀၁၇ | ၁၉% |

စာမျက်နှာ- ၄ သို့

# QUARTERLY STOCK PERFORMANCE (Q3- 2025-26)

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

**Continuous Trading Only**




ရှယ်ယာစောင်ရေစုစုပေါင်း - ၃၂၅,၉၆၉,၆၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၅.၉၉




ရှယ်ယာစောင်ရေစုစုပေါင်း - ၄၁၉,၄၄၆,၂၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၇.၈၆




ရှယ်ယာစောင်ရေစုစုပေါင်း - ၁၄၈,၁၆၈,၈၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄.၆၆




ရှယ်ယာစောင်ရေစုစုပေါင်း - ၂၀၁,၃၉၆,၀၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃.၉၃




ရှယ်ယာစောင်ရေစုစုပေါင်း - ၃၁,၀၉၈,၄၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂.၁၅




ရှယ်ယာစောင်ရေစုစုပေါင်း - ၁၄၅,၇၈၈,၀၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁.၉၉




ရှယ်ယာစောင်ရေစုစုပေါင်း - ၂၇,၇၈၈,၃၅၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂.၁၈




ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂၉,၁၉၇,၇၅၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄.၃၃




ရှယ်ယာစောင်ရေစုစုပေါင်း - ၁,၄၂၈,၈၅၃,၁၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၃.၀၉




ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂၃,၉၁၂,၆၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁.၅၄




ရှယ်ယာစောင်ရေစုစုပေါင်း - ၅၆၆,၇၂၀,၀၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၀.၇၀




ရှယ်ယာစောင်ရေစုစုပေါင်း - ၆၉၀,၆၃၂,၆၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂.၂၃